# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်




## ရုပ်မြင်သံကြားအစီအစဉ်ဇာတ်လမ်းအတွဲ (၄)

### မြန်မာနိုင်ငံ၏စပါးကျီ ဧရာဝတီ၏ ဘဝရုန်းကန်လှုပ်ရှားမှုများ

International Development
Australian Broadcasting Corporation

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်

## ရုပ်မြင်သံကြားအစီအစဉ်ဇာတ်လမ်းအတွဲ (၄)။ ။ မြန်မာနိုင်ငံ၏စပါးကျီ ဧရာဝတီ၏ ဘဝရှုန်းကန်လှုပ်ရှားမှုများ

## မိတ်ဆက်နိဒါန်း

ဧရာဝတီတိုင်းဒေသကြီး ဂါးခယ်မမြို့နယ်မှ ဖွံ့ဖြိုးရေး အကူအညီများ မရရှိသော ကျေးရွာတစ်ရွာနှင့် ကန်ကြီးထောင့်မြို့နယ်မှ ဖွံ့ဖြိုးရေးအကူအညီများရရှိသော ကျေးရွာတစ်ရွာတို့မှ လ ယ်သမားများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ အခြေအနေကို ရိုက်ကူးထားသည့် တီဗွီဇာတ်လမ်းနှင့် တွဲဖက်အသုံးပြုရန်၊ ဤလွှက်ရည် ကြမ်းစကားဝိုင်း ဆွေးနွေးပွဲလမ်းညွှန်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဖွံ့ဖြိုး တိုးတတ်စေရန် မည်သို့ဆောင်ရွက်သင့်ကြောင်း သတင်းအချက်အလက်များနှင့် ဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဆွေးနွေးပွဲတွင် ပါဝင်ပြီးနောက် ၎င်းတို့၏ သဘောထား အလေ့အကျင့်များ ပြောင်းလဲတိုးတက်လာစေရန် ရည်ရွယ်ပါ သည်။

## ရည်ရွယ်ချက်များ

ဤဆွေးနွေးခန်းအစီအစဉ်ပြီးသည့်နောက် ပါဝင်ဆွေးနွေးသူများသည် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် ဗဟုသုတများရရှိပြီး၊ အောက်ပါရည်ရွယ်ချက်များအတိုင်း သဘောထား အလေ့အကျင့်များ ပြောင်းလဲတိုးတက်လာစေမည်။

၁။ ကျေးလက်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း ဆောင်ရွက်၍မရပဲ ဘက်စုံထောင့်စုံမှ စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပုံကို သိမြင်နားလည်လာစေရန်။

၂။ ကျေးလက်မိသားစုများ ဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေးအပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးနှင့် အသေးစားလုပ်ငန်းများဖွံ့ဖြိုးမှုကို အားပေးနိုင်ရန် အရင်းအနှီးအထောက်အပံ့များ ရရှိမှုနှင့် စနစ်တကျစီမံခန့်ခွဲမှု အရေးကြီးပုံကို သိမြင်နား လည်စေရန်။

၃။ လူတစ်ဦးအတွက်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုတက်ဖို့ဆိုလျှင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အရေးကြီးပုံကို သိမြင်လာ၍ ညီညွတ်စုစည်းမှု သဘောထားများ တိုးပွားလာစေရန်။

**ဦးဆောင်ဆွေးနွေးသူ။** ။ အစိုးရဌာနများမှ ဝန်ထမ်းများ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ

**ဆွေးနွေးမည့်နည်းစနစ်။** ။ အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း)

**ဆွေးနွေးပွဲတွင်ပါဝင်သူ။** ။ ၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား)

**ကြာမည့်အချိန်။** ။ ၁ နာရီ ၅၀ မိနစ်

**လိုအပ်သောပစ္စည်း။** ။ DVD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker ၊ မှတ်စုစာအုပ်နှင့် ဘောပင်

## ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူက ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်းကို မိတ်ဆက်ပေးခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏နေရပ်လိပ်စာနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ ရင်းနှီးစွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း တိုက်တွန်းပါ။

- ဦးဆောင်ဆွေးနွေးသူက ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲမှ ရရှိလာမည့် မျှော်လင့်ထားသော တစ်စုံတစ်ရာ ရှိမရှိကို မေးမြန်း၍ ဆွေးနွေးစေပါ။ ဦးဆောင်ဆွေးနွေးသူသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို ရှင်းလင်းပြပြီး၊ ဆွေးနွေး ပွဲ အစီအစဉ်ကို ရှင်းလင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၅ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘူယျဆန်သော မေးခွန်းများကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

  (က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

  (ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

  (ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။

  (ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**

- ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
- ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
- ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။
- ❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူ တစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။

**အခန်း ၃။** ။ "မြန်မာနိုင်ငံ၏စပါးကျီ ဧရာဝတီ၏ ဘဝရှန်းကန်လှုပ်ရှားမှုများ" ရုပ်မြင်သံကြားဇာတ်လမ်း အစီအစဉ်ကို ကြည့်ရှုလေ့လာခြင်း
(၃၀ မိနစ်)

- ဦးဆောင်ဆွေးနွေးသူသည် ဤတီဗွီအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

  "ဤတီဗွီအစီအစဉ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော လပွတ္တာလုပ်ကလေး စာဖြူစု ကျေးရွာမှ လယ်သမားများ ဖွံ့ဖြိုးရေးအကူအညီများမရရှိပဲ ရုန်းကန်းလှုပ်ရှားနေရပုံနှင့် ညောင် ချောင်းကျေးရွာမှ လယ်သမားများ ဖွံ့ဖြိုးရေး အ ကူအညီများ ရရှိသဖြင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ တိုးတ က်ကောင်းမွန်နေပုံအကြောင်း ဖြစ်သည်။ ဒေသတစ်ခုအတွင်းမှ ကျေးရွာနှစ်ရွာဖြစ်သော်လည်း ကူညီထောက်ပံ့မှုများကြောင့် လယ်သမားများ၏ဘဝ တိုးတက် မြင့်မားမှု ကွာခြားပုံကို တင်ပြထားခြင်း ဖြစ်ပါသည်။"

- ထိုနောက် ရုပ်မြင်သံကြားဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက် ကြည့်ရှုလေ့လာရန် တိုက်တွန်းပါ။ ကြည့်ရှုစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

- ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုပြီးနောက် ဦးဆောင်ဆွေးနွေးသူက ကြည့်ရှုသူတစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အခန်း ၄။** ။ ရုပ်မြင်သံကြားအစီအစဉ် ကြည့်ရှုပြီးနောက် လေ့လာတွေ့ရှိချက်များကို ဆွေးနွေးခြင်း
(၄၅ မိနစ်)

- ဤရုပ်မြင်သံကြားဇာတ်လမ်းကို ကြည့်ရှုပြီးနောက် မည်သည့်သတင်းအချက်အလက်များ လေ့လာရရှိခဲ့ သည်ကို ပါဝင်ဆွေးနွေးသူများနှင့် အုပ်စုဖွဲ့ဆွေးနွေးပါ။ ရုပ်မြင်သံကြားဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ရုပ်မြင်သံကြားဇာတ်လမ်းအပေါ် ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကြောင်း လိုအပ်ချက်ကိုလိုက်၍ အပိုင်းအားလုံးကို သော်လည်းကောင်း၊ အသင့်လျော်ဆုံးအပိုင်းများကို ရွေးချယ်၍ သော်လည်း ကောင်း ဆွေးနွေးပါ။ ဆွေးနွေးချက်များကို နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ ကိုသုံး၍ မှတ်တမ်းတင်ပါ။

**အပိုင်း (၁)။** ။ လပွတ္တာလုတ်ကလေး စာဖြူစုကျေးရွာရှိ လယ်သမားများ၏ ရုန်းကန်ရမှုများနှင့်အခက်အခဲများ

| |
|---|
| အဓိကကျသော သတင်းစကားများ<br><br>လမ်းပန်းချို့တဲ့ နည်းပညာမဲ့ စိုက်ပျိုးသူများ ဒုက္ခနဲ့<br>ငယ်ရွယ်မျိုးဆက် ရွှေ့ပြောင်းထွက် လယ်ယာအတွက် လုပ်သားအခက် |

(၁) လပွတ္တာလုတ်ကလေး စာဖြူစုကျေးရွာမှ **လယ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများက အဘာယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) မိုးရာသီတွင် ရေလမ်းဖြင့်သာ သွားလာ၍ရပြီး နွေရာသီတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ (၂) မြေဆီလွှာအရည်အသွေးညံ့ခြင်း၊ နည်းပညာမရှိခြင်းကြောင့် စပါးအထွက်နှုန်းနည်းခြင်း၊ (၃) လူငယ်များ အလုပ်အကိုင်ရှာဖွေရန် အခြားအရပ်ဒေသ သို့ ရွှေ့ပြောင်းသဖြင့် လယ်လုပ်သားရှားပါးခြင်း၊ (၄) အရင်းအနှီးမရှိ၍ လယ်ယာသုံးစက်ပစ္စည်းများ မဂယ်နိုင်ခြင်း၊

(၂) **လယ်သမားများ ရင်ဆိုင်နေရသော အခက်အခဲများမှ ကျော်လွှားနိုင်သော အခြားနည်းလမ်းများ ရှိပါသလား။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။ (၁) အရင်းအနှီးမဲ့လယ်သမားများ ချေးငွေရရှိစေမည့် နည်းလမ်းရှာခြင်းနှင့် လိုအပ်သော သတင်းအချက်အလက်ပေးခြင်း၊ (၂) စပါးထွက်နှုန်းကောင်းမွန်လာစေရန် စိုက်ပျိုးရေးပညာရှင်များအကူအညီရယူခြင်း၊ (၃) မြေဆီလွှာအရည်အသွေး ထိန်းသိမ်းရန် ဒေသအတွင်း ရရှိနိုင်သော နည်းလမ်းများ ရှာဖွေခြင်း၊**

အပိုင်း (၂)။ ။ အရင်းအနှီးမဲ့ လယ်သမားများကို ကူညီထောက်ပံ့မှုပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးခြင်း

| |
|---|
| အဓိကကျသော သတင်းစကားများ<br><br>ဘဂလယ်ယာ ကြွေးသံသရာ ရုန်းကန်ထွက်ကာ ထွက်လမ်းရှာ<br>စုပေါင်းဂယ်ယူ စက်မှုကူ ညီတူညီမျှ အကျိုးရ |

(၁) **လုပ်သားရှားပါးပြီး စက်ယန္တယားမသုံးနိုင်သော လယ်သမားများကို အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်ရန် မည်ကဲ့သို့ ကူညီနိုင်သနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) လယ်သမားများ အစုအဖွဲ့ဖြင့် အချင်းချင်းကူညီ၍ လုပ်သားရှားပါးမှုကို ဖြေရှင်းခြင်း၊ (၂) ကောက်စိုက်စက်၊ ကောက်ရိတ်စက်ကဲ့သို့ စက်ယန္တယားများကို တစ်ဦးတည်းမဂယ်ယူနိုင်ပါက စုပေါင်းဂယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်း၊ (၃) အစိုးရဘဏ်နှင့် သမဂ္ဂအဖွဲ့များမှ ချေးငွေများ ရယူခြင်းနှင့် အချိန်မှန်ပြန်လည်ပေးဆပ်နိုင်ရန် စနစ်တကျစီမံခန့်ခွဲခြင်း။

(၂) ကြွေးမီဂန်ထုပ်များကို ထမ်းထားရသည့် လယ်သမားများ ကြွေးသံသရာမှ မည်ကဲ့သို့ ရုန်းထွက်နိုင်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ချေးငွေ အမျိုးမျိုးနှင့်ဆိုင်သော သတင်းအချက်အလက် စုဆောင်းခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည့်စုံစွာနားလည်အောင် လေ့လာရန်၊ (၂) ချေးငွေ

**ရယူလျှင် ရည်ရွယ်ချက်အတိုင်း စနစ်တကျသုံးစွဲ၍ ပြန်လည်ပေးဆပ်ရမည့်အချိန်တွင် ပေးဆပ်နိုင်စေရန် အစီအစဉ်တကျ ဆောင်ရွက်ရန်၊ (၃) မလိုအပ်သော သုံးစွဲမှုများ မပြုလုပ်ပဲ ချွေတာစုဆောင်းရန်။**

## အပိုင်း (၃)။ ။ ကျေးရွာသစ်စီမံကိန်းကြောင့် ညောင်ချောင်းကျေးရွာ၏ ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုများ

| အဓိကကျသော သတင်းစကားများ |
|---|
| ရွာချင်းဆက်ပေး လမ်းတံတားလေး ကျေးရွာဖွံ့ဖြိုးရေး ထောက်ကူပေး<br>လယ်ယာစိုက်ပျိုး ဖွံ့ဖြိုးပေး တောင်သူလယ်သမား အခွင့်အရေး |

(၁) ဆယ်မားအူးလ်အွန်ဒုံ **သို့မဟုတ် ကျေးရွာသစ်စီမံကိန်း ဆိုသည်မှာ အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။ (၁) တောင်ကိုရီးယားနိုင်ငံတွင် အောင်မြင်နေသော ကျေးရွာသစ် စီမံကိန်းပုံစံကို** နမူနာယူ၍ ၎င်းနိုင်ငံ၏အကူအညီဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၃) နှစ်စီမံကိန်းအဖြစ် က   န်ကြီးထောင့်မြို့နယ်ရှိ ကျေးရွာ (၁၀)   ရွာတွင် အကောင်အထည်ဖော်ဆောင်နေခြင်း၊ (၂                                  ) အဓိကဆောင်ရွက်ချက် သုံးရပ်မှာ ကျေးရွာသားများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လူမှုပတ်ဝန်းကျင်  ဖွံ့ဖြိုးရေးနှင့်  ဝင်ငွေတိုးပွားရေးလုပ်ငန်းများ၊  (၃) စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေး   စားချေးငွေများဆိုင်ရာ သတ   င်းအချက်အလက်များ   သိရှိရန် ဆောင်ရွက်ခြင်း၊ (၄) ကျေးရွာ၏ အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား နှင့် ဆေးပေးခန်းများ တည်ဆောက်ခြင်း၊ (၅) အရေးကြီးဆုံးဖြစ်သော ကျေးရွာသားအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။

(၂) **ကျေးရွာလှည့်ပတ်ရံပုံငွေ ဆိုသည်မှာ အဘယ်နည်း။ လယ်သမားများအတွက် မည်ကဲ့သို့ အကျိုးကျေးဇူး ရရှိသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။** (၁) ကျေးရွာဖွံ့ဖြိုးရေးအတွက် လှည့်ပတ် ရံပုံငွေတစ်ရပ် ထူထောင်၍ **ငွေကြေးကော်မတီတစ်ရပ်ဖွဲ့စည်းကာ စနစ်တကျစီမံခန့်ခွဲခြင်း၊ (၂) ကျေးရွာသားများ ဝင်ငွေတိုးပွားရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ထူထောင်နိုင်ရန် လှည့်ပတ်ရံပုံငွေမှ ငွေချေးယူနိုင်ခြင်း၊ (၃) စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရယူမှုအပေါ် ငွေကြေးဆိုင်ရာ အကြံပေးမှုများကို ကော်မတီမှ အကြံပြုပေးခြင်း၊ (၄) ကျေးရွာမှ စုပေါင်း၍ လယ်ယာသုံးစက်ယန္တယားများ ဝယ်ယူခြင်း။**

## အပိုင်း (၄)။ ။ ကျေးလက်ဖွံ့ဖြိုးရေးကို ဘက်စုံဒေါင့်စုံမှ ချဉ်းကပ်သော ဆယ်မားအူးလ်အွန်ဒုံ စီမံကိန်း

| အဓိကကျသော သတင်းစကားများ |
|---|
| စက်မှုလယ်ယာပြောင်းလဲဖို့ နည်းပညာနဲ့ ပံ့ပိုးစို့<br>သားငါးပေါစည် လယ်ယာတည် ရှေ့ဝတီ စပါးကျီပါ |

**(၁) ကျေးလက်စီးပွားရေး ဖွံ့ဖြိုးရန် စိုက်ပျိုးရေးကဏ္ဍအပြင် အခြားမည်သည့်ကဏ္ဍများပါ တိုးတက်ရန်လိုအပ်သနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။ (၁) ဝင်ငွေတိုးပွားစေရန် စိုက်ပျိုးရေးအပြင် မွေးမြူရေး၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းငယ်များ လုပ်ဆောင်ရန်လိုအပ်ခြင်း၊ (၂) လိုအပ်သောအရင်းအနှီး ရရှိရန်နှင့် ရရှိလာသောအရင်းအနှီးကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် လိုအပ်ခြင်း၊ (၃) မလိုအပ်သော သုံးစွဲမှုများ မပြုလုပ်ဘဲ လုပ်ငန်းတိုးချဲ့နိုင်ရန် ချွေတာစုဆောင်းခြင်း၊ (၄) လိုအပ်သော သတင်းအချက်အလက်များ အမြဲစုဆောင်းလေ့လာ၍ ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရန် အစဉ်ကြိုးစားခြင်း။**

**(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအရာသည် အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။ (၁) ခေါင်းဆောင်မှုကောင်းစွာ ပေးနိုင်သော အဖွဲ့အစည်းရှိရမည်။ (၂) ပူးပေါင်းလုပ်ဆောင်တတ်မှုနှင့် စီမံခန့်ခွဲတတ်မှု ကောင်းမွန်ရမည်။ (၃) အကျင့်ပျက်]
ချ စားမှုကင်းရှင်းစွာဖြင့် လူအများ၏အကျိုးကို ရှေ့ရှုရမည်။**

## အခန်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။
  - ဤရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါ သနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ် ကြောင့်နည်း။
  - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
- ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**
တီဗွီအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါတို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ တီဗွီ အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော် နားထောင်သူအုပ်စုကို ကြိုတင်စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားထောင်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံဘာသာစကား ပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင် ထားပါ။
- ✓ နားထောင်သူများ အလွယ်တကူလာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်

ရန် ဆုံးဖြတ်ပါ။

- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - TV ၊ DVD ပြစက်) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းချက်

## မြန်မာနိုင်ငံ၏စပါးကျီ ဧရာဝတီ၏ ရှန်းကန်လှုပ်ရှား ဘဝများ

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များ မင်္ဂလာပါရှင်။ ကျမတို့ ရိုက်ကူးရေးအဖွဲ့ ရောက်ရှိနေတာကတော့ မြန်မာနိုင်ငံရဲ့ စပါးကျီးလို့ တင်စားခေါ်ဝေါ်ရတဲ့ ဧရာဝတီတိုင်းဒေသကြီး ဂါးခယ်မမြို့နယ်မှာဘဲ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးတဲ့အခါမှာ စိုက်ပျိုးစရိတ်ချေးငွေ စီမံခန့်ခွဲမှုက အရေးပါသလို၊ စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချိန်အထိ အလျင်မီအောင်ဆောင်ရွက်နိုင်မှ စက်မှုလယ်ယာစနစ်တိုးတက်ဖို့အတွက် ဒေသခံတွေအနေနဲ့ စုပေါင်းဆောင်ရွက်မှု သမ ဂါယမစိတ်ဓာတ် ထားရှိခြင်းအားဖြင့် ဒေသခံတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာတာဖြစ်တဲ့အပြင် ဒေသဖွံ့ဖြိုးတိုး တက်မှု အကြောင်းအရာတွေကို ရိုက်ကူးတင်ဆက်ပေးသွားမှာဘဲ ဖြစ်ပါတယ်ရှင်။

### အပိုင်း (၁) လပွတ္တာလုပ်ကလေး စာဖြူစုကျေးရွာရှိ လယ်သမားများ အခက်အခဲများကြား ရှန်းကန်နေရမှုများ

**အောင်ကျော်မိုး (သတင်းထောက်)။** ။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များခင်ဗျာ...မြန်မာနိုင်ငံရဲ့စပါးကျီလို့ တင်စားခေါ် ဆိုကြတဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ မိုးစပါး စိုက်ဧကပေါင်း ၃၇သိန်းရှိပြီး နှစ်စဉ်ဆန်စပါး ထွက်ရှိမှုအများဆုံးဒေသကြီး ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့ တချို့နေရာတွေမှာ ကားလမ်းမရှိတဲ့အတွက် ရေလမ်းကြောင်းကိုသာ အားကိုး ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဂါးခယ်မမြို့နယ် အတွင်းမှာရှိတဲ့ လပွတ္တာလုပ်ကလေး စာဖြူစု ကျေးရွာဟာ ရေလမ်းခရီးနဲ့သာသွားရောက် နိုင်တဲ့ကျေးရွာဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၁၃၀) ရှိပြီး ဒီကျေးရွာလေးရဲ့ အဓိက အသက်မွေးဝမ်း ကြောင်းလုပ်ငန်းကတော့ စိုက်ပျိုးရေးနဲ့ငါးလုပ်ငန်းဖြစ်ပါတယ်။ သာယာလှပတဲ့ ကျေးရွာ လေးဖြစ်ပေမဲ့ လယ်ယာ စိုက်ပျိုး ရေးအတွက် ဒေသခံပြည်သူတွေမှာ စိန်ခေါ်မှုမျိုးစုံရှိနေပါတယ်။

**ဒေါ်တင်နွယ် (တောင်သူ၊ လပွတ္တာလုပ်ကလေး စာဖြူစုကျေးရွာ)။** ။ ကြာပြီပေါ့။ အဖေတို့ လက်ထက် ကတည်းက လုပ်လာ တယ်။ အခုအဖေအမေတွေ မရှိတော့ ကိုယ်ပဲ ပြန်လုပ်နေ ရတာပေါ့။ စိုက်တာကတော့ ကောင်းပါ တယ်။ မိုးလေဝသ ကောင်းရင် အခုတော့ မိုးလေဝသ မကောင်းတော့ စပါးက တောနေပြီ။ ရိတ်ရတာ ရေတော့နည်းနည်းအောက်ထဲမှာ ရှိတာပေါ့။ ပိုးမွှားမကျရင်တော့ လယ်သမားအတွက်ကတော့ ကောင်းတယ်ပေါ့။ ပိုးမွှားတွေကျလာတဲ့အချိန် ကျတော့ ကိုယ်လယ်ထဲမှာ ဖြစ်လို့ရှိရင်တော့ လယ်သမားတွေအတွက် ဆုံးရှုံးသွားတာပေါ့။

**အောင်ကျော်မိုး။** ။ အဲဒီကျေးရွာလေးမှာရှိတဲ့ လယ်သမားအများစုဟာ တနေကုန်လယ်ထဲဆင်း အ လုပ်လုပ်ရပါတယ်။ ရွာကလူငယ်အများစုကလည်း လယ်လုပ်ငန်းနဲ့မိသားစုစားဝတ်နေရေး လုံလောက်မှုမရှိတာကြောင့် ရွှေ့ပြောင်းလုပ်သားတွေအဖြစ် ရေကြည်ရာမြက်နုရာ ဆိုသလိုမြို့တက်အလုပ် လုပ်ကိုင်ကြတာတွေနဲ့ ပြည်ပနိုင်ငံ တွေကို ပြောင်းရွှေ့လုပ်ကိုင် ကြတာတွေကြောင့်ရွာမှာ အလုပ်သမား ရှားပါး လာပါတယ်။

**ဒေါ်တင်နွယ်။** ။ လယ်စိုက်တာ အခုကတော့ အလုပ်သမားတွေကတော့ ကျွန်မတို့တောင်သူလယ်သမားတွေအတွက် ရှားပါးသွားတယ်။ အချိန်တန်စိုက်ရမယ်၊ ရိတ်ရမယ်ဆိုရင် လူတွေမရှိလို့ရှိရင် နည်းနည်းတော့ အခက်အခဲ

တော့ ရှိတာပေါ့။

**ဦးဇော်မင်း (တောင်သူ၊ လပွတ္တာလုပ်ကလေး စာဖြူစုကျေးရွာ)။** ။ အလုပ်က ဒီလယ်အလုပ်နဲ့ အဆင်မပြေတဲ့အခါမှာ လယ်ယာမဲ့တွေကြတော့ မြို့ပေါ်မှာသွားပြီး အလုပ်လုပ်တာ များလာပါတယ်။ ကျွန်တော်တို့ဆီမှာ အလုပ်သမားအခက်အခဲကတော့ တအား ရှိပါတယ်။ ဒီလုပ်အားအခက်အခဲရှိတဲ့အတွက် စက်နဲ့လုပ်ဖို့ စဉ်းစားပြန်တော့ လည်းကျွန်တော်တို့မှာ စက်အခက်အခဲရှိပါတယ်။ ရှေးလာမဲ့နှစ်တွေမှာတော့ ကျွန်တော်တို့ရွာမှာ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ကတော့ တော်တော်အခက်အခဲ မြင်နေရပါတယ်။ လူအရင်းအနှီးလည်းမရှိ၊ စက်ကိရိယာ ဝယ်နိုင်တဲ့ အင်အားမရှိဘူး။ ဒါနဲ့ပဲ ကျွန်တော်တို့ သံသရာလည်နေတာ ဖြစ်ပါတယ်။

## အပိုင်း (၂) အရင်းအနှီးမဲ့ လယ်သမားများကို ကူညီထောက်ပံ့မှုပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးခြင်း

**အောင်ကျော်မိုး။** ။ အလုပ်သမားအခက်အခဲရှိနေတာကြောင့် တချို့ လယ်သမားတွေ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့စက်ပစ္စည်းတွေအားကိုးဖို့ လိုအပ်လာပါတယ်။ လယ်သမားအများစု ကတော့ငွေကြေး အခက်အခဲရှိတာကြောင့်မတတ်နိုင် ကြပါဘူး။ စပါးရိတ်သိမ်းချိန်မှာ အချိန်မှီမရိတ်သိမ်း နိုင်ရင်စိုက်ထားတဲ့စပါးတွေ ဆုံးရှုံးကြရပါတယ်။

**ဒေါ်တင်နွယ်။** ။ စက်သုံးဖို့ကတော့ သိပ်တော့မလွယ်ကူဘူး။ ရှိတဲ့သူက နည်းပြီး မရှိတဲ့သူကများတော့ စောင့်နေရတာပေါ့။ စောင့်ပြီးတော့ ကိုယ့်အလှည့်ကျမှ ကိုယ်ချွေရတယ် ရိတ်ရတယ် အဲ့ဒီလိုမျိုးပေါ့လေ။ အဆင်တော့သိပ်မပြေ ပါဘူးပေါ့နော်။ လူငှါးလို့ မရရင် စက်ကိုစောင့်နေရတော့ တခါတလေ စပါးလည်း ကျွမ်းသွားတာပေါ့လေ။

**အောင်ကျော်မိုး။** ။ အဲ့ဒီကျေးရွာရဲ့ နောက်ထပ်စိန်ခေါ်မှုကတော့ စိုက်ပျိုးရေးအတွက် လုံလောက်တဲ့ အရင်းအနှီးမရှိခြင်း ဖြစ်ပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က လယ်စိုက်စရိတ်ချေးငွေ တစ်ဧက တစ်သိန်းခွဲနှုန်းနဲ့ ထုတ်ချေးပေးခဲ့ပါတယ်။ ဘယ်လိုငွေချေးရမယ် ဆိုတာတွေကို သိပ်ပြီး နားမလည်ကြတဲ့ တောင်သူတွေကတော့နီးစပ်ရာမှာသာ အတိုး ကြီးကြီးပေးပြီး ချေးယူလုပ်ကိုင်နေရ တာပါ။

**ဦးဇော်မင်း။** ။ ကျွန်တော်တို့ လယ်သမားတွေမှာ အဓိကအခက်အခဲကတော့ အရင်းအနှီးပေါ့ဗျာ။ ကျွန်တော်တို့မြေယာပိုင်ဆိုင် တယ်ဆိုပေမဲ့လို့ ကျွန်တော်တို့ဆီမှာ အရင်းအနှီးဆိုတာ မရှိကြတာများတယ်။ တရွာလုံးမှာ အရင်းအနှီး နဲ့လုပ်နိုင်သူက ၄ပုံ ၁ပုံပဲ ရှိပါတယ်။ ကျန်တာတွေကတော့ အကြွေးတင်ပြီး လုပ်ရတဲ့အတွက် သီးနှံပေါ်တဲ့အချိန်မှာ ကျွန်တော်တို့အတွက် အမြတ်အစွန်းဆိုတာ မရှိသလောက် ဖြစ်နေပါတယ်။

**အောင်ကျော်မိုး။** ။ လယ်သမားတွေဟာအခုလို အခက်အခဲတွေကနေကျော်လွှားပြီး အကြွေးသံသရာကနေလွတ်မြောက် တဲ့ဘဝကို လိုလားနေကြပါတယ်။

**ဦးဇော်မင်း။** ။ လယ်သမားအတွက် ဘဝရှင်သန်တိုးတက်ဖို့ဆိုရင်တော့ ကျွန်တော်တို့လယ်သမားမှာ တိုင်းပြည်ထဲမှာရှိတဲ့ လူတန်းစား အားလုံးထဲမှာ အနိမ့်ကျဆုံးပဲလို့ ကျွန်တော်ထင်တယ်။ ပညာတတ် လူတန်းစားလည်း မဟုတ်ဘူး။ ပညာမတတ်လို့ လယ်လုပ်လို့ရတယ်ဆိုတော့ လယ်ပဲလုပ်ကိုင်ရတယ်။ ဘဝတိုးတက်လားဆိုပြီးမရှိသည့်တိုင်အောင် ကျွန်တော်တို့မှာတော့ စိတ်မပျက်ပါဘူး။ ကျွန်တော်တို့ ဒီလယ်လေးနဲ့ အလုပ်လုပ်နေရရင်ကျေနပ်ပါတယ်။ ဒါပေမဲ့လို့ ဒီလယ်လေးနဲ့အလုပ်လုပ်ပြီးတော့ ကောင်းကောင်းမွန်မွန်လေး စားသောက်ရမယ်၊ စိတ်အေးချမ်းသာစွာနဲ့ နေရမယ်၊ ကြွေးကင်းကင်းနဲ့ နေနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ အတွက် စိတ်ချမ်းသာမှုကို ရပါတယ်။

## အပိုင်း (၃) ကျေးရွာသစ်စီမံကိန်းကြောင့် ညောင်ချောင်းကျေးရွာ၏ ကောင်းမွန်းသော တိုးတက်ပြောင်းလဲမှုများ

**အောင်ကျော်မိုး။** ။ ရောဂတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာဟာလည်း အရင်က ဆိုရင် လပွတ္တာလုပ်ကလေးစာဖြူစုကျေးရွာလိုဘဲ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အိမ်ခြေ (၁၁၀) ကျော်ရှိတဲ့ အဲ့ဒီကျေးရွာမှာ စားဝတ်နေရေးအတွက် ထူးခြားတဲ့အခွင့်အရေးတွေ ရခဲ့ပါတယ်။ ဒီထူးခြားတဲ့ အခွင့်အရေးကတော့ မြ မြန်မာ့လယ်ယာ စိုက်ပျိုးရေးဌာနနဲ့ကိုးရီးယားနိုင်ငံအခြေစိုက် KOICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာ ဆယ်မားအူးလ်အွန်ဒုံလို့ ခေါ်တဲ့ကျေးရွာသစ်စီမံကိန်း ဖြစ်ပါတယ်။ ဒီစီမံကိန်းကို၂၀၁၆ ကနေ ၂၀၁၉ အထိ (၃) နှစ်စီမံကိန်းနဲ့ ရောဂတီ တိုင်းဒေသ ကြီး အတွင်းမှာရှိတဲ့ ပုသိမ်မြို့နယ်နဲ့ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၀) ရွာမှာဆောင်ရွက် နေတာတယ်။

**ဦးကြည်မိုး (ဦးစီးမှူး၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်)။** ။ ဒီကျေးရွာလေးမှာဆိုလို့ရှိရင် ကျေးရွာ သစ် စီမံကိန်းလုပ်ရှားမှုကို စတင်အကောင်အထည်ဖေါ်တဲ့အခါမှာ အဓိက လုပ်ငန်းစဉ် (၃) ရပ်နဲ့ ဆောင်ရွက်ခဲ့ပါ တယ်။ နံပါတ် (၁) လုပ်ငန်းစဉ် အနေနဲ့ကတော့ ကျေးရွာနေပြည်သူတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေး ဖြစ်ပါတယ်။ ဒုတိယ လုပ်ငန်းစဉ် အနေနဲ့တော့ ကျေးရွာအတွင်းမှာရှိတဲ့ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ဖြစ်ပါ တယ်။ တတိယ လုပ်ငန်းစဉ် အနေနဲ့တော့ ကျေးရွာအတွင်းရှိ လူအားလုံး၏ ဝင်ငွေတိုးပွားရေး လုပ်ငန်းစဉ် အဖြစ်နဲ့ ဒီလုပ်ငန်းစဉ် (၃) ရပ်ကို အကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စွမ်းဆောင် ရည် မြှင့်တင်ရေးဖြစ်တဲ့ အတွက် အဓိကအရေးကြီးဆုံးဖြစ်တဲ့ ကျေးရွာပြည်သူလူထုရဲ့ Human Resource နဲ့ Knowledge က အရမ်းအရေးပါ ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကို ကျွန်တော်တို့ training တွေ ပေးတယ်။ ပြီးတဲ့ အခါမှာ ကျေးရွာအတွင်းမှာ ပူးပေါင်း ဆောင်ရွက်ပြီး တက်ညီလက်ညီဆောင်ရွက်ဖို့ အရေးတွေ ဆောင်ရွက်ပါတယ်။ အဲဒါတင်မကပဲ သိသင့်သိထိုက်တဲ့ အချက်အလက်တွေ စိုက်ပျိုးရေးကဏ္ဍ ၊ မွေးမြူရေးကဏ္ဍ ၊ အသေးစားချေးငွေ လုပ်ငန်းတွေကို သိရှိအောင် ဆောင်ရွက် လျက် ရှိပါတယ်။ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးရေးကိုလည်း ကျေးရွာထဲမှာ ရှိတဲ့ လမ်း၊ တံတာတွေ စတဲ့ လုပ်ငန်းစဉ်တွေ ၊ ဆေးပေးခန်းတွေ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးသိန်းငွေး (အုပ်ချုပ်ရေးမှူး၊ ညောင်ချောင်းကျေးရွာ) ။** ။ ကျွန်တော်တို့ရွာသူရွာသားတွေဆိုရင် တကယ်လည်း တက်ညီ လက်ညီနဲ့ လုပ်ဆောင်နေပါတယ်။ ကြိုက်နှစ်သက်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေး အတွက်ကိုလည်း ကျွန်တော်တို့ ရွာသူရွာသားတွေအားလုံး ကြိုးစားဆောင်ရွက် လုပ်ကိုင်ကြပါတယ်။ ကျွန်တော်ရွာသူရွာသားတွေ အတွက် တကယ်ပဲ ဂုဏ်ယူပါတယ်။

**အောင်ကျော်မိုး။** ။ ဒီစီမံကိန်းရဲ့အဓိကသော့ချက်ကတော့ ရွာကငွေကြေးကော်မတီရဲ့ ငွေကြေးစီမံခန့်ခွဲနိုင်မှု ဖြစ်ပါ တယ်။ ရွာကခေါင်းဆောင်ပိုင်းတွေဟာ လှည့်ပတ်ရန်ပုံငွေ ထိရောက်အောင်အသုံးချဖို့ သင်တန်းတွေရရှိထား တာပါ။

**ဦးသိန်းငွေး (အုပ်ချုပ်ရေးမှူး၊ ညောင်ချောင်းကျေးရွာ)။** ။ ကျွန်တော်တို့ ဒီချေးငွေနဲ့ ပတ်သက်လို့ ရွာသူ ရွာသားတွေက စိုက်ပျိုးရေးအတွက် အဓိကထားပြီး လုပ်ဆောင်ကြပါတယ်။ မွေးမြူရေးကလည်း တပိုင်တနိုင် လုပ်ကြပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာဆိုရင်လည်း လယ်သမားတွေဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးကို အဓိက ထားလုပ်ကြပါတယ်။ စိုက်ပျိုးရေး ထောက်ပံ့ကြေးငွေရလို့ လယ်သမားတွေလည်း အားလုံးအဆင်ပြေပါတယ်။

**အောင်ကျော်မိုး။** ။ ဒီကျေးရွာကော်မတီမှာ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်နဲ့ ပတ်သက်တဲ့ အကြံပေးသူ တွေရှိပါ တယ်။ သူတို့တွေက ငွေကြေးဆိုင်ရာ အကြံပြုသူတွေ ဖြစ်ပါတယ်။ စိုက်စရိတ်ချေးငွေ နဲ့ပတ်သက်ပြီး ဘယ်လို ရယူရမလဲ၊ ဘယ်အချိန်မှာပြန်ဆပ်ရမယ်ဆိုတာတွေကို အကြံပြုပါတယ်။ တခြားချေးငွေရယူနိုင်တဲ့ ဘဏ်တွေ၊ သမ ဂါယမက ချေးငွေတွေနဲ့ ပတ်သက်ပြီးအကြံပြုပေးတာတွေ လည်းရှိပါတယ်။ ဒီစီမံကိန်းကရွာကော်မတီတွေကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အားပေးထားပါတယ်။

**ဦးကြည်မိုး။** ။ ကျွန်တော်တို့ ရောဝတီတိုင်းဒေသအနေနဲ့ အဓိကလုပ်ငန်း ကတော့ စပါးစိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်းဖြစ်ပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ ဒီနေရာမှာ စိုက်ပျိုးထုတ်လုပ်ရာမှာ လုပ်သားအင်အားနည်းပါးမှု

ပြဿနာတွေ ကြုံတွေ့လာ ပါတယ်။ ဒီလိုကြုံတွေ့လာတဲ့အခါမှာ ကျေးရွာမှာရှိတဲ့သူတွေကို အစုအဖွဲ့နဲ့ပေါင်းစည်း လုပ်ကိုင်လာတတ်တဲ့ အလေ့အကျင့်လေးတွေ လုပ်ဆောင်လာပါတယ်။ တဦးတယောက်ထဲ မဟုတ်ပဲနဲ့ ဥပမာ ဆိုပါစို့ ကျွန်တော်တို့ လယ်ယာ လုပ်ငန်းအတွက် အသုံးပြုမယ့် စက်ပစ္စည်း ဝယ်ယူရေးအတွက်၊ ထွန်စက်တွေဝယ်ဖို့၊ နောက်ဆုံးအဆင့်ထိ ခန့်မှန်းထားတာ တကယ့်အကြီးစားစက်တွေ၊ ရိတ်သိမ်းချွေလှေ့စက် (Combined Harvester) ဝယ်ဖို့အထိ ကျေးရွာနေပြည်သူတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ project ရဲ့ အသက်ဖြစ်တဲ့ ပူးပေါင်း ဆောင်ရွက်တတ်ခြင်း အလေ့အထကြောင့် လုပ်သားရှားပါးမှု ပြဿနာကို ကျော်လွှားနိုင်ဖို့လည်း ဆောင်ရွက်ပါတယ်။ အဲ့ဒါတင် မကပါဘူး ကျွန်တော်တို့ ကန်ကြီးထောင့်မြို့နယ်ထဲမှာ မြန်မာဆယ်မာအူးလ်အွန်ဒုံစံပြကျေးရွာ (၅) ရွာရှိပါတယ်။ တရွာနဲ့ တရွာလည်း စံပြကျေးရွာစိတ်ဓါတ်ဖြစ်တာကြောင့် (၅) ရွာဆိုသော်ငြားလည်းပဲ (၁)ရွာထဲပါပဲ။ အဲဒီတော့ တရွာနဲ့ တရွာမှာ လုပ်သားအင်အားအခက်အခဲရှိမယ်ဆိုရင် တရွာက လာရောက်ကူညီတဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ပါတယ်။ ပူးပေါင်း ဆောင်ရွက်တတ်တဲ့အားကြောင့် ကျေးရွာနေပြည်သူ တွေရဲ့ဝင်ငွေတိုးပွားရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်လိမ့်လို့လည်း မျှော်လင့်ပါတယ်။

## အပိုင်း (၄) ကျေးလက်ဖွံ့ဖြိုးရေးကို ဘက်စုံဒေါင့်စုံမှ ချည်းကပ်သော ဆယ်မားအူးလ်အွန်ဒုံ စီမံကိန်း

**အောင်ကျော်မိုး။** ။ အခုလိုကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာ(၅)ရွာမှာ စံပြဆောင်ရွက်နေတဲ့ မြန်မာဆယ်မာ အူးလ်အွန်ဒုံကျေးရွာသစ် စီမံကိန်းဟာ အဓိကဒေသခံတောင်သူတွေ စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းတွေမှာ အဆင်ပြေစေဖို့ ဖြစ်ပါတယ်။ အဲ့ဒီကျေးရွာတွေမှာ အသေးစားချေးငွေ လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် ကူညီကူညီ ဆောင်ရွက်နေတာကြောင့် တနိုင်တပိုင် စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးလာပြီး ဒေသခံပြည်သူတွေ ဂင်ငွေတိုးတက်မှု ရှိလာပါတယ်။

**ဦးမြင့်အောင် (ဂင်ငွေတိုးပွားရေးခေါင်းဆောင်၊ ညောင်ချောင်းကျေးရွာ)။** ။ ဝင်ငွေတိုးပွားရေး ခေါင်းဆောင်မှာ လုပ်ငန်းခွဲ (၂) ခု ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပြီးတော့ အသေးစားချေးငွေ လုပ်ငန်းဆိုပြီး ခေါင်းစဉ် (၂)ခုနဲ့ အလုပ်လုပ် ပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးသမားတွေကို ဓါတ်မြေသြဇာ၊ သွင်းအားစုတွေ ဒါတွေကို ကျွန်တော်တို့ တစ်သိန်း ထုတ်ချေးပါတယ်။ မွေးမြူရေးလုပ်ငန်းမှာက ဝက်မွေးမြူရေးရှိမယ်။ တပိုင်တနိုင် ကြက်မွေးမြူရေး ရှိတယ်။ အသေးစား ဈေးရောင်း၊ဈေးဝယ်တွေရှိတယ်။ သူတို့ကိုလည်းပဲ ကျွန်တော်တို့ တစ်သိန်းနှုန်း ချေးပါတယ်။ အဲဒီ နေရာမှာ ထူးခြားတာက စိုက်ပျိုးမွေးမြူရေးသမားကို သီးနှံပေါ်ချိန် (၆) လကို (၂) ကျပ်တိုးနဲ့ (၆) လပြည့်တဲ့အခါမှာ အတိုး အရင်းရော ပြန်လည်ပေးဆပ်ပါမယ်ဆိုတဲ့ စာချုပ်နဲ့ သူတို့ သဘောတူညီမှုရယူပြီးတော့ (၆) လ ပြည့်တဲ့အခါ ပြန်လည် အကြေအလည် ပေးဆပ်ပါတယ်။ မွေးမြူရေးလုပ်ငန်းသမားနဲ့ အသေးစား ခေါင်းရွက်ဗျပ်ထိုးသမားတွေကတော့ သူတို့ ပိုက်ဆံ တစ်သိန်း ချေးတဲ့အခါမှာ (၁၀) လ သတ်မှတ်ထားပါတယ်။

**အောင်ကျော်မိုး။** ။ ကျေးရွာငွေကြေးအထောက်အကူပြုကော်မတီကနေ လယ်ယာသုံးစက်ကရိယာများ အရစ်ကျစနစ်နဲ့ ဂယ်ယူနိုင်ရေးအတွက် ကျေးရွာလူထုတွေကို ကူညီဆောင်ရွက်ပေးမှုတွေရှိနေပါတယ်။

**ဦးမြင့်အောင်။** ။ စက်ပစ္စည်းနဲ့ဆောင် ရွက်ရမယ်ဆိုရင်တော့ လယ်သမားဟာ ကိုင်းစက်တစ်စီး ဝယ်ချင်တယ်ဆိုရင်တော့ ဥပမာ တစ်စီးကို (၁၀) သိန်းကျတယ်ဆိုရင် ၄၀% ကို သူအရင်ပေးသွင်းရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ အပိုင်းကို SMU ကနေ တာဝန်ယူသွားမှာ ဖြစ်ပါတယ်။ စာချုပ်ကလည်း သူအရင်းမကျေသေးတာကြောင့် SMU ရဲ့ စာချုပ်နဲ့ပဲ ကုမ္ပဏီပဲ ဖြစ်ဖြစ်၊ သူကြိုက်နှစ်သက်တဲ့နေရာမှာ စာချုပ် ချုပ်ပြီးတော့ ဒီစက်ကို ဝယ်ယူလိုက်ပါတယ်။ ပြီးတော့ လယ်သမားက ပေးသွင်းရမဲ့ အရစ်ကျစနစ်နဲ့ နှစ်ရှည် (၂) နှစ် သတ်မှတ်ထားပါတယ်။ အဲဒီ (၂) နှစ်ထဲမှာ ကျေပြီးဆိုတာနဲ့ နောက်ဆုံး သူပေးဆပ်တဲ့ အတိုး၊ အရင်းနဲ့ သူ့နံမည်ကို SMU က လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။

**အောင်ကျော်မိုး။** ။ ဒေသခံတောင်သူတွေ လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲလာနိုင်တာနဲ့အမျှ လယ်ယာ

လုပ်ငန်းခွင်မှာ ကြုံတွေ့နေရတဲ့ အလုပ်သမားအခက်အခဲတွေကို လည်းကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**ဦးမြင့်အောင်။** ။ အခုလောလောဆယ်ကတော့ စက်မှုလယ်ယာကတော့ ကျွန်တော်တို့ကို ကမ်းလှမ်းတယ်။ သူတို့ရဲ့ စက်ပစ္စည်းတွေကို လယ်သမားက ဧက (၃၀) ရှိရမယ်၊ (၂၀) ရှိရမယ်။ ဒါမှမဟုတ်ရင်လည်း ဧက (၃၀) ပြည့်အောင် (၅) ဦးစုလိုက်မယ်။ စုပြီးတော့သူက အကြွေးစနစ်နဲ့လည်း စက်မှုလယ်ယာကလည်း ထုတ်ချေး ပေးမယ် ပေါ့၊ သမဆိုရင်လည်း သမက ထုတ်ချေးပေးမယ်။ ဒီလိုလေးတွေတော့ ကမ်းလှမ်းထားတယ်။ ဖြည့်စွက်ပြီးတော့ ရှေ့ဆက်ပြီး ဆောင်ရွက်ဖို့ ဦးတည်ထားတယ်ပေါ့နော်။ ငွေကြေးများတဲ့အခါကြတော့ ချေးဖို့က စိုက်ပျိုးမွေးမြူရေး သမကတော့ ချေးမယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်။ ဒီလုပ်ငန်းကိုလည်း လာမဲ့နှစ်မှာ အကောင်အထည်ဖော်ဖို့ ကိုလည်း စီမံကိန်းဆွဲထားပါတယ်။

**အောင်ကျော်မိုး။** ။ ကန်ကြီးထောင့်မြို့နယ် ညောင်ချောင်းကျေးရွာမှာ ဆောင်ရွက်နေတဲ့ ဒီစီမံကိန်းဟာ ကျေးရွာ အတွက် ကွန်ကရစ်လမ်းတွေ တည်ဆောက်နိုင်ခဲ့ပြီး တနိုင်တပိုင်စီးပွားဖြစ် လုပ်ငန်းတွေကလည်း ဒေသခံပြည်သူ တွေရဲ့ မိသားစုဝင်ငွေ တိုးတက်ကောင်းမွန်လာအောင်ဆောင် ရွက်ပေးနိုင်ခဲ့ပါတယ်။

**ဒေါ်ဂင်းမာဦး (ညောင်ချောင်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် )** ။ ။ SMU ကနေ ကျွန်မတို့ကို ပိုက်ဆံ တစ်သိန်း ချေး ပါတယ်။ (၁၀)လ ကို အရင်း က တစ်သိန်း၊ အတိုးက (၂) သောင်းကျပ်နှုန်းနဲ့ တသိန်းနဲ့ နှစ်သောင်း ပြန်ဆပ်ရပါမယ်။ ကျွန်မ ရဲ့ ဝက်မွေးမြူရေးက ဝက်က (၇) ကောင်ပေါက်တယ်ပေါ့၊ ပြန်ရောင်းရင် သုံးသိန်းခွဲရပါမယ်။ အဲဒီထဲက တစ်သိန်း နှစ်သောင်း အကြေပြန်ဆပ်နိုင်မယ်ပေါ့။ ကျန်တာတော့ ကျွန်မအတွက်က အကျိုးအမြတ်ပေါ့နော်။

**ဒေါ်အမာစိန် (ညောင်ချောင်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်)** ။ ။ ဒီပရောဂျက်နဲ့တွဲပြီးလုပ်တဲ့ လုပ်ငန်းတွေက ကွန်ကရစ်လမ်းလည်း ခင်းထားတယ်။ ကျေးလက်ဆေးပေးခန်းလည်း ဆောက်ထားတယ်။ တပိုင်တနိုင် ဝက်မွေးတာ လည်း ရှိတယ်။ နောက်ပြီး ဝင်ငွေတိုးပွားရေးလည်း ရှိပါတယ်။ အရင်တုန်းကနဲ့ အခုနဲ့ ဘာမှ မတူတော့ဘူး။ တိုးတက် ပြောင်းလဲလာတော့ အများကြီး ဝမ်းသာနေကြတယ်။

**အောင်ကျော်မိုး။** ။ ဧရာဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာ စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဒေသ ဖြစ်ပါ တယ်။ တချို့ကျေးရွာတွေမှာ သွားလာရေးခက်ခဲမှုတွေကြောင့် ဖွံ့ဖြိုးမှု နောက်ကျခဲ့ပေမဲ့ တချို့ကျေးရွာတွေမှာတော့ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာ ဌာနတွေမှ အားပေးကူညီမှုတွေကြောင့် တိုးတက်မှုတွေရရှိနေပြီ ဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အခုလို အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်ရှိလ ယ်သမား အများစုကြုံတွေ့ နေရ တဲ့ အလုပ်သမားအခက်အခဲ ပြဿနာတွေ၊ စက်မှုလယ်ယာသုံးစွဲနိုင်မှု အခက်အခဲတွေနဲ့ အခြားစိန်ခေါ် မှုတွေကို အတူပူးပေါင်း ဆောင်ရွက်ပြီး ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပုသိမ်မြို့)** ။ ။ ကျွန်တော်တို့ ဒီအဖွဲ့အစည်းတွေရဲ့ အကူ အညီနဲ့ ဆောင်ရွက်နေတဲ့အထဲမှာ ကျွန်တော်အမြင်အရပေါ့ အကူအညီတွေကတော့ အမျိုးမျိုးတော့ ပေးနေ တာပေါ့။ ထင်သာမြင်သာရှိတဲ့ အောင်မြင်မှု အကူအညီမျိုး ပြပါဆိုလျှင် ကျွန်တော်တို့ KOICA နဲ့ပူးပေါင်းဆောင်ရွက် နေတဲ့ ဆယ်မာအုးလ်အွန်စံပြကျေးရွာပေါ့။ အဲ့ဒီကျေးရွာတွေရဲ့ လုပ်ငန်းဆောင်ရွက်တာ အတော်လေး သိသိသာသာ အချိန်တိုအတွင်းမှာ အောင်မြင်ပါတယ်။ အောင်မြင်တယ်ဆိုတာက ဒီကျေးရွာသူ ကျေးရွာသားတွေရဲ့ စိတ်ဓါတ်ပိုင်း ဆိုင်ရာ တော်တော်လေးကို ပြုပြင်ပြောင်းလဲသွားတာ တွေ့ရပါတယ်။ ဒါရဲ့ အောင်မြင်မှုကလည်း အကူအညီပေးတဲ့ ငွေပေါ် မှာ မမူတည်ပါဘူး။ သူတို့ ကိုယ်တိုင်လုပ်ချင်တဲ့စိတ်ဆန္ဒ၊ လုပ်နိုင်တဲ့ စိတ်ဆန္ဒ၊ စုပေါင်းညီညွတ်တဲ့ စိတ်ဆန္ဒ၊ ခေါင်းဆောင်ကောင်းကို ရွေးချယ်နိုင်တဲ့ အချက်အလက်တွေကနေပြီး မူတည်ပြီးတော့ ဒီလုပ်ငန်းတွေ အောင်မြင် တာပါ။

**အောင်ကျော်မိုး။** ။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်တာနဲ့အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရာမှာ လယ်သမားတွေ ရင်ဆိုင်နေကြရတဲ့ စိန်ခေါ်မှုတွေကိုလည်း အထိုက်အလျောက်ဖြေရှင်းနိုင်မှုတွေရရှိပြီ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်။ ။ လယ်ယာဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဌာနပေါင်းစုံက သူ့ရဲ့ ကူညီနိုင်တဲ့ရှု့ထောင့်ကနေ လယ်သမားတွေကို အကူအညီပေးရမှာပါ။ ကူညီပေး နိုင်အောင်လည်းပဲ လယ်သမားတွေကလည်း တစ်ဦးကောင်း တစ်ယောက် ကောင်း မဟုတ်ပဲနဲ့ အစုအဖွဲ့တွေ လုပ်ရမယ်။ အစုအဖွဲ့တွေလုပ်ချင်းအားဖြင့် အဖွဲ့အစည်းပေါ်မှာ လေးစားမှု၊ အလေးထားမှု၊ ဒါတွေဟာ ပြောင်းလဲသွားမှာပါ။ တစ်ဦးတစ်ယောက်ထဲသွားလုပ်လို့ရှိရင် ဂရုစိုက်မှု နည်းမှာပေ့ါနော်။ အစုအဖွဲ့နဲ့ လုပ်လိုက်တယ်ဆိုရင် ဥပမာအားဖြင့် မျိုးတစ်ခုထုတ်လိုက်ပြီ၊ စိုက်တဲ့သီးနှံတစ်ခုက ထွက်လာပြီဆိုရင် တယောက်ချင်း သွားရောင်းရင် ဈေးကွက်အားဖြင့် သိပ်အလေးထားမှု ရှိမှာ မဟုတ်ပါဘူး။ သို့သော်လည်းပဲ တရွာလုံးကခြံ့ပြီး အများကြီး ထုတ်လုပ်တဲ့ အဆင့်မျိုး ရောက်သွားရင်တော့ သက်ဆိုင်ရာ ကုန်သည်ကြီးတွေ၊ လက်ကားဈေးကွက်တွေက အခွင့်အရေး ပေးလာနိုင် ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လယ်သမားတွေကို အစုအဖွဲ့ပုံစံမျိုးနဲ့ စုစည်းပြီးတော့ လုပ်စေချင် ပါတယ်။**

**အောင်ကျော်မိုး။ ။ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေရဲ့ ငွေကြေးအထောက်အကူနဲ့ ရင်းနှီးမြုပ်နှံမှုတွေ** ပိုမိုပြီးအထောက်အကူရလာတာဖြစ်တဲ့အတွက် မြန်မာ့လယ်ယာကဏ္ဍဟာ ပိုပြီးတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါ ေ ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များရှင် ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ တောင်သူတွေ အနေနဲ့ စိုက်ပျိုးရေးပညာရှင်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီကြောင့် စိုက်ပျိုးနည်းပညာတွေ တိုးတက် လာတဲ့အပြင် စုပေါင်းဆောင်ရွက်မှု အားကောင်းလာတဲ့အတွက် ဒေသခံတောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်တာတွေကို ရှု့စားခဲ့ရတာပဲ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ကျေးလက်ဒေသတွေ အနေနဲ့လည်း အခုလိုမျိုးဘဲ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်နေပါတယ်ရှင်။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ______________________ မြို့နယ် ၊ ကျေးရွာအုပ်စု၊ __________________________ ကျေးရွာအုပ်စု ၊ ____________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |